သုန္ဒရာရာမ ဗြဟ္မဝိဟာရကျောင်း
PROGRESSIVE BUDDHIST ASSOCIATION
1790-1830 RANCH ROAD, AZUSA, CALIFORNIA 91702, U.S.A. • TEL: (626) 969-2118 • TEL & FAX: (626) 969-5959

# သုန္ဒရာရာမ ဗြဟ္မဝိဟာရ အဇူဇာကျောင်း
# တရားပွဲများနှင့် ပူဇော်ပွဲ ဖိတ်ကြားလွှာ

အဇူဇာ–ဗြဟ္မဝိဟာရကျောင်း၌ အောက်ပါနေ့ရက်၊ အချိန်များတွင် တရားပွဲများနှင့် ပူဇော်ပွဲကျင်းပမည်ဖြစ်ပါ၍ တရားချစ်ခင် သူတော်စင်အပေါင်းအား လေးစားစွာဖိတ်ကြားအပ်ပါသည်။

## (၁) သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ တရားပွဲ (7/3/10, 7:00 pm)

အဂ္ဂမဟာပဏ္ဍိတ၊ စစ်ကိုင်း–သီတဂူဗုဒ္ဓတက္ကသိုလ်အဓိပတိဖြစ်သော သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရသည် Saturday, July 03, 2010 နေ့ 7:00 pm - 8:30 pm အချိန်တွင် လူနတ်နိဗ္ဗာန် သုံးတန် ချမ်းသာကို ပြည့်စုံစေကြောင်းဖြစ်သော တရားတော်များ ဟောကြားတော်မူပါမည်။

## (၂) ကျောက်တော်ကြီးဆရာတော်အား နှုတ်ဆက်ပူဇော်ပွဲနှင့် တရားပွဲ (7/10/10, 7:00 pm)

သံဃာတော် တစ်ထောင့်ငါးရာခန့် သီတင်းသုံးတော်မူသော အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ မဟာနာယကဆရာတော်လေးပါးမှ တစ်ပါးဖြစ်သော အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ကျောက်တော်ကြီး ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသသည် မတ်လ ၃ ရက်နေ့တွင် အဇူဇာကျောင်းသို့ကြွရောက်ပြီး သီတင်းသုံးတော်မူခဲ့ရာ ဇူလိုင်လ(၁၄)ရက်နေ့တွင် မြန်မာပြည်သို့ပြန်ကြွတော်မူပါမည်။

လဇ္ဇီပေသလ၊ သိက္ခာကာမ၊ သီလဝန္တ၊ ရတ္တညူဂုဏ်တို့ဖြင့် ပြည့်စုံတော်မူသော သက်တော် (၇၈)နှစ်၊ သိက္ခာတော်(၅၈)ဝါရှိသော ကျောက်တော်ကြီးဆရာတော်အား Saturday, July 10, 2010 နေ့ 7:00 pm - 8:30 pm အချိန်မှာ နှုတ်ဆက်ပူဇော်ပွဲနှင့် တရားပွဲကျင်းပပါမည်။

မဒေါ်လီကိုလေးမိသားစုက ကြာဆန်ဟင်းခါး၊ ရှောက်သီးသုပ်၊ မုန့်ဆီကြော်တို့ဖြင့် ကျွေးမွေးဧည့်ခံပါမည်။

## (၃) မိုးကုတ်ဝိပဿနာ၊ အောင်ဆန်းဆရာတော် တရားပွဲ (7/23/10- 7/25/10, 7:00 pm)

ရန်ကုန်မြို့နယ်၊ အောင်ဆန်းမြို့၊ မိုးကုတ်ဝိပဿနာ အောင်ဆန်းဆရာတော် အရှင်ကိတ္တိသာရသည် 2010 ခု၊ July 23-24-25 ရက်များတွင် 7:00 pm - 8:30 pm အချိန်မှာ ပဋိစ္စသမုပ္ပါဒ်တရားတော်များကို ဟောကြားတော်မူပါမည်။

## (၄) ဓမ္မဘေရီ ဆရာတော် အရှင်ဝီရိယ(တောင်စွန်း) တရားပွဲ (7/31/10, 7:00 pm)

သာသနဓဇ ဓမ္မာစရိယ၊ ဒီဃဘာဏက၊ ဓမ္မဘေရီ အရှင်ဝီရိယ(တောင်စွန်း)အရှင်မြတ်သည် Saturday, July 31, 2010 နေ့ 7:00 pm - 8:30 pm အချိန်မှာ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားတော်မူမည်ပါမည်။ Dr. သန်းနိုင်+ Dr. ဝေဝေလွင်ဦးမိသားစုက စားသောက်ဖွယ်များဖြင့် ကျွေးမွေးဧည့်ခံပါမည်။

## (၅) မိုးကုတ်ဝိပဿနာ၊ မိုးကုတ်ဆရာတော် အရှင်သုနန္ဒ တရားစခန်းပွဲ (8/4/10 – 8/8/10)

မိုးကုတ်မြို့ ၊ မိုးကုတ်ဝိပဿနာ၊ မိုးကုတ်ဆရာတော် အရှင်သုနန္ဒသည် Aug 4, 2010 မှ Aug 8, 2010 နေ့အထိ ပဋိစ္စသမုပ္ပါဒ် တရားတော်များကို ဟောပြော ပြသတော်မူပါမည်။ (အသေးစိတ်ကို Dr. Beauty Swe, Ph: (626) 453-0259 ထံစုံစမ်းပါ။